**CHIN NATIONAL FRONT**
**General Headquarters**
**CHINLAND**
http://www.chinland.org

# (၅၈)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် ချင်းအမျိုးသားတပ်ဦး၏သဝဏ်လွှာ

(၁) လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုကိုအခြေခံသော ဒီမိုကရေစီစနစ်တည်ဆောက်ရေး ရည်မှန်းချက်ဖြင့် မြေရှင်ပဒေသရစ်စနစ်ကို ဖျက်သိမ်းပြီးဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်သဘော တူဆုံးဖြတ်ချက်ပြုလုပ်ခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၅၈) နှစ် သို့ပင်တိုင်ခဲ့ပြီဖြစ်သည်။

(၂) ချင်းအမျိုးသားနေ့၏ အနှစ်သာရဖြစ်သော ဒီမိုကရေစီစနစ် တည်ဆောက်ရေးသည် စစ်အစိုးရ အဆက်ဆက်၏ တရားမဝင်နိုင်ငံတော်အာဏာကိုသိမ်းယူ၍စစ်အုပ်ချုပ်ရေးစနစ်နှင့် တပါတီ အာဏာရှင်စနစ်ဖြင့် တရားမဝင်အုပ်ချုပ်ခြင်းကြောင့် ယနေ့တိုင်လက်တွေ့တွင် ကျင့်သုံးနိုင်ခြင်း မရှိသေးပေ။ ၄င်းအပြင်ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိရေးနှင့်အခွင့်ရေးတူ၊ အခွင့်လမ်းတူ၊ ရပိုင်ခွင့်တူ၊ ဒီမိုကရေစီနည်းကျရပိုင်ခွင့်ကို အခြေခံ၍တည်ဆောက်ရန်ရည်ရွယ်ခဲ့သည့် ပင်လုံသဘော တူညီချက်များသည်လည်းစစ်အာဏာရှင်စနစ်ကြောင့် ပျောက်ဆုံးလျက်ရှိပေသည်။ ထို့ကြောင့် ချင်းအမျိုးသား တို့လိုလားမျှော်မှန်းခဲ့ကြသော ဒီမိုကရေစီစနစ်နှင့် တန်းတူမှုရှိသောဖက်ဒရေ ပြည်ထောင်စု ပြန်လည် တည်ဆောက်ရေးအတွက်ချင်းအမျိုးသားတိုင်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

(၃) မဆလ၊ နဝတ၊ နအဖ စစ်အစိုးရအဆက်ဆက်အနေဖြင့် ရာစုနှစ်ဝက်ကျော်ကြာ ချင်းအမျိုးသား များ၏ဂုဏ်အင်လက္ခဏာများတိမ်းကော ပပျောက်ရေးအတွက် ချင်းအမျိုးသားနေ့အားချင်း ပြည်နယ် နေ့အဖြစ်ပြောင်းလဲကျင်းပစေခြင်း၊ ချင်းစာအားချင်းပြည်နယ်အတွင်းရှိကျောင်းများတွင်ပင်သင်ကြား ခွင့်ပိတ်ပင်ခြင်း၊ ချင်းပြည်အတွင်းရှိရုံးများတွင် ဗမာစာအားရုံးသုံးဘာသာအ ဖြစ်ပြဋ္ဌာန်းထားခြင်း၊ လွတ်လပ်စွာရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ဖော်ထုတ်ခွင့်မရှိခြင်း စသည့် လုပ်ဆောင်မှုများ အကောင်အထည်ဖော်နေကြပေသည်။ ထို့ကြောင့်ချင်းအမျိုးသားတို့၏ဂုဏ်အင်လက္ခဏာများ မတိမ် ကောမပပျောက်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန် ချင်းအမျိုးသားတိုင်းလုပ်ဆောင်ကြရမည့် တာဝန်တရပ်ဖြစ်ပေသည်။

(၄) ယနေ့နအဖ စစ်အစိုးရရေးဆွဲနေသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမျိုးသားရေးတန်းတူမှု မရှိသည့်အပြင်တိုင်းရင်းသားတို့ လိုလားတောင်းဆိုလျက်ရှိသော ဖက်ဒရေပြည်ထောင်စုတည်ဆောက် ရေးနှင့်ဆန့်ကျင်လျက်ရှိပေသည်။ ၄င်းအပြင်ချင်းအမျိုးသားတို့လိုလားခဲ့ကြသည့်ဒီမို ကရေစီစနစ်နှင့် သွေဖယ်၍ စစ်တပ်နည်းစစ်တပ်ဟန် စည်းကမ်းရှိသောဒီမိုကရေစီစနစ်ကို တည်ဆောက်နေကြသည် ဖြစ်ရာ ချင်းအမျိုးသားတို့အနေဖြင့် ယင်းနအဖရေးဆွဲနေသော ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံ မှုမပေးကြရန်နှင့် ဝန်းဝိုင်းဆန့်ကျင်ကြရန်လိုအပ်ပေသည်။

(၅) ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးအနေဖြင့် အမျိုးသားတန်းတူရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီး ပိုင်ခွင့်ရှိသော ဖက်ဒရေပြည်ထောင်စုနှင့် ဒီမိုကရေစီစနစ်တည်ဆောက်နိုင်ရေးအတွက် ချင်းအမျိုးသား တို့အနေဖြင့် ဖလမ်းညီလာခံတွင် စည်းလုံးညီညွတ်ခဲ့ကြသကဲ့သို့ ယင်းစိတ်ဓါတ်ကိုအခြေခံ၍ တမျိုး

သားလုံး စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရမည်ဟု အလေးအနက် ယုံကြည်ပါကြောင်း ဖော်ပြ ရင်း (၅၈) နှစ်မြောက် ချင်းအမျိုးသားနေ့သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီ**
**ချင်းအမျိုးသားတပ်ဦး**
၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်နေ့